# အရေပြားအောက်အဆီလွှာတွင်း ထိုးထားသောအပ်မှတဆင့် ထိုးဆေးပေးခြင်း

**1**

ပုံမှာပြထားတာကတော့ အဆီလွှာထဲကိုထိုးတဲ့ အပ်ဖြစ်ပါတယ်။



**2**

ဒီအပ်ကို ဆရာဝန် သို့မဟုတ် သူနာပြုမှ ထိုးပေးမှာဖြစ်ပါတယ်။ အပ်ထိုးထားသောနေရာသည် သန့်ရှင်းပြီး နီရဲရောင်ရမ်းခြင်းမရှိရပါ။



**3**

ဆေးပေးတော့မည်ဆိုလျှင် ပြင်ပေးထားသောဆေးထိုးအပ်များအား ညွှန်ကြားထားသည့်အတိုင်း မှန်ကန်စေရန် သေချာစွာစစ်ပါ။ ညွှန်ကြားသည့်ဆေးပေးပြီးလျှင် အပ်ထဲတွင်ဆေးမကျန်စေရန် ဆားငံရည် အနည်းငယ် ထပ်ထိုးပေးရပါမည်။



**4**

လက်ဆေးပြီး ခြောက်အောင်သုတ်ပါ။ ပုံ (4a) မှာပြထားသည့်အတိုင်း အပ်ပိတ်နေရာမှ တိုက်ရိုက်ဆေးထိုးခြင်း သို့မဟုတ် ပုံ (4b) မှာပြထားသည့်အတိုင်း အဖုံးဖွင့်ပြီးမှဆေးထိုးနည်းကို ဆရာဝန်/သူနာပြုမှ ညွှန်ကြားပေးမည်။



**4A**

**အဖုံးဖွင့်ရန်မလိုပဲဆေးထိုးခြင်း**

အပိတ်ကို အရက်ပြန်နှင့် သုတ်ပြီးသန့်စင်ပါ။ ပြီးလျှင် ဆေးထိုးပြွန်ကို ဆေးထိုးအပ်နှင့် ဆက်ရန် သေချာစွာ လှည့်ထည့်ပါ။



**4B**

**အဖုံးဖွင့်ပြီးဆေးထိုးခြင်း**

အဖုံးဖွင့်ထားသောနေရာကို အရက်ပြန်နှင့်သုတ်ပြီး သန့်စင်ပါ။ ဆေးထိုးပြွန်ကို အဖုံးဖွင့်ထားသောနေရာနှင လှည့်ပြီးဆက်ပါ။



**အချက်အလက် အပြည့်အစုံ သိလိုလျှင် ဤနေရာ တွင် စကန် ဖတ်ပါ**

စက်တင်ဘာ ၂၉၊ ၂၀၂၁

SINGAPORE HOSPICE COUNCIL

*Living before Leaving*

# အရေပြားအောက်အဆီလွှာတွင်း ထိုးထားသောအပ်မှတဆင့် ထိုးဆေးပေးခြင်း

**5** ပိတ်ထားသောခလုတ်/ညှပ်ကိုဖွင့်ပါ။




**6** ဆေးထိုးပြွန်ကို ဖြည်းညင်းစွာတွန်းပြီး ဆေးထိုးသွင်းပါ။



**7** ဆေးထိုးပြီးလျှင် ဆေးထိုးပြွန်ကို ဖြည်းညင်းစွာလှည့်ပြီးဖြုတ်ပါ။ ဆေးထိုးပြီးတိုင်း ဆားငံရေပါသောဆေးထိုးပြွန်နှင့်ဆက်ပြီး ဆားငံရေအနည်းငယ်ထိုးပါ။



**8** ခလုတ်/ညှပ်ကိုပိတ်ပါ။ အဖုံးဖွင့်ပြီးဆေးထိုးလျှင် အဖုံးပြန်ပိတ်ပါ။




**9** အသုံးပြုပြီးသား ဆေးထိုးပြွန်ကို စွန့်ပစ်ပါ။
ဆေးထိုးသော အချိန်နှင့် ရက်စွဲကို ရေးမှတ်ပါ။
ဆေးထိုးပြီး သက်သာမှုရှိ၊မရှိ စောင့်ကြည့်ပါ။




**အချက်အလက် အပြည့်အစုံ သိလိုလျှင် ဤနေရာ တွင် စကန် ဖတ်ပါ**

စက်တင်ဘာ ၂၉၊ ၂၀၂၁

SINGAPORE HOSPICE COUNCIL
Living before Leaving